မာတိကာ

၁။ ညွှန်ကြားရေးမှူးချုပ်၏ အမှာစာ ၅
၂။ စာရေးသူ၏ အမှာစာ ၇
၃။ နိဒါန်း ၁၁
၄။ ပုဂံခေတ်နံရံဆေးရေးပန်းချီ ၁၃
၅။ ပိဋကတ်စာပေနှင့် ပုဂံခေတ်နံရံပန်းချီ ၁၉
၆။ ပုဂံခေတ်နံရံပန်းချီမှ ဗုဒ္ဓဝင်နှင့် ဇာတ်တော်များ ၃၀
၇။ နန္ဒပညာဂူဘုရား၏ နံရံပန်းချီမှ ထေရဝါဒသာသနာ ၅၅
၈။ ဗြဟ္မစာရီမွန်ပိုကေ၏ ပုဂံသုတေသနလမ်းညွှန်စာအုပ်မှ
ပုဂံခေတ်နံရံပန်းချီနှင့် သက်ဆိုင်သည်ကို ကောက်နုတ်ဖော်ပြချက် ၇၀
၉။ နံရံပန်းချီနှင့် ကမ္ပည်းမင်စာများ ၇၆
၁၀။ စကြဝဠာအယူအဆမှ ကွမ်းတောင်နှင့် မြင်းမိုရ်တောင် ၈၉
၁၁။ ပုဂံခေတ် အဝတ်ပန်းချီ ၉၅
၁၂။ ကနုတ်၊ ကြာ၊ နတ်ရုပ်၊ ကိန္နရီ ကိန္နရာနှင့် တီးမှုတ်ကခုန်ဟန်များ ၉၉
၁၃။ နံရံဆေးရေးပန်းချီ ထိန်းသိမ်းမှုလုပ်ငန်း ၁၀၈
၁၄။ နိဂုံး ၁၁၃
၁၅။ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ နံရံဆေးရေးပန်းချီဖြင့်
အပြောက်အမွမ်း တန်ဆာဆင်ထားသည့် ဘုရားများစာရင်း ၁၁၉
၁၆။ ကျမ်းကိုးစာရင်း ၁၃၆

မျက်နှာဖုံးသရုပ်ဖော် ပန်းချီ

ဇာတ်တော် (၅၅၀) မှ မဟာနိပါတ်တော်လာ ဇာတ်တော်အမှတ် (၅၃၈) တေမိဇာတ်တော်၏ သရုပ်ဖော် ပန်းချီဖြစ်သည်။ ပုဂံလောကထိပ်ပန်ဘုရား၏ အနောက်ဘက်နံရံဆေးရေးပန်းချီမှ ကူးယူ ဖော်ပြခြင်းဖြစ်ပါသည်။

ကမ္ပည်းမင်စာများမှာ -

ပုဟာ်လောင်ထုတ်ဖိစီရကာ ရထာထိန်ယူ၏။ ထုတ်လိယျေအ်။ ရထာထာရုယျေ
ရထာထိန်တောင်တူ၏။ ရထာထိန်မအသော သိရကာ မင်ကြာပလိယျေ
မင်သာ ဖူရကာ ရဟာန်မူအ်။

အလောင်းတော်တေမိမင်းသားအား သတ်ရန်အတွက် မြို့ပြင်သို့ ရထားထိန်းက ခေါ်ယူလာပြီးနောက် မြေကြီးတူးစဉ်၊ တေမိမင်းသားက စကားပြောသည့်အတွက် ဆွံ့အသူမဟုတ်ကြောင်း နန်းတော်သို့ပြန်လည်ပြောပြရာ ခမည်းတော်နှင့် မယ်တော်တို့က ဝမ်းသာအားရလိုက်လာပြီး ထီးနန်းဆက်ခံရန် ပြောကြားသည်။ ခမည်းတော်၊ မယ်တော်တို့ မရောက်လာမီကပင် အလောင်းတော် တေမိမင်းသားသည် သိကြားမင်း ဆက်ကပ်သည့် ပရိက္ခရာရှစ်ပါးဖြင့် ရဟန်းပြုတော်မူ၏။ ဘုရားလောင်းက ကာမဂုဏ်တို့၏ အပြစ်ကိုလည်းကောင်း၊ ရဟန်းပြုခြင်း၏ အကျိုးထူးများကိုလည်းကောင်း ဟောကြားတော်မူနေပုံဖြစ်သည်။

နောက်ကျောဖုံးသရုပ်ဖော် ပန်းချီ

မင်းနန်သူရွာ ဘုရားသုံးဆူမှ ဆင်းတုတော်၏ တံကဲယာဘက်ရှိ ကိန္နရီရုပ်ပုံ နံရံဆေးရေးပန်းချီအား ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်၏ အမှာစာ

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် ကမ္ပည်းကျောက်စာဌာနဟူ၍ ပေါ်ပေါက်လာသည်မှ အစပြုပြီး ဌာန၏ သုတေသနဆောင်ရွက်မှုလုပ်ငန်းများကို အခါအားလျော်စွာ မှတ်တမ်းတင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

ဤစာအုပ်မှာ ရှေးဟောင်းသုတေသနကဏ္ဍတွင် အကျုံးဝင်ပြီး ကွင်းဆင်းလေ့လာ သုတေသနပြုချက်များဖြင့် ရေးသားတင်ပြထားပါသည်။ ရှေးဟောင်းသုတေသန လုပ်ငန်းစဉ်များမှာ ကွင်းဆင်းတူးဖော်သုတေသနလုပ်ငန်း၊ ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းပြုပြင်မှုလုပ်ငန်း နှင့် မှတ်တမ်းမှတ်ရာများ စုဆောင်း၍ အများပြည်သူများ လေ့လာဖတ်ရှုနိုင်ရန် စာအုပ်စာတမ်းဆောင်းပါးများ ပြုစုထုတ်ဝေရေးလုပ်ငန်းတို့ပင် ဖြစ်သည်။

မြန်မာ့သမိုင်းစဉ်ကို လေ့လာလျှင် သမိုင်းမတင်မီခေတ်၊ ကျေးခေတ်၊ သံခေတ်နှင့် ပျူခေတ်မှ ပုဂံ၊ ပင်းယ၊ အင်းဝ စသည်ဖြင့် မျက်မှောက်ကာလအထိ သမိုင်းအဆက်ဆက်ကို မြင်တွေ့ရမည်ဖြစ်ပေသည်။ သမိုင်းခေတ် အဆက်ဆက်အနက် ပုဂံခေတ်သည် ထူးခြားစွာ ထွန်းလင်းတောက်ပခဲ့သည့် ကာလဖြစ်ပြီး အမျိုး၊ ဘာသာ၊ သာသနာ၊ နှင့် အနုပညာလက်ရာများ အံ့မခန်းဖွံ့ဖြိုးစည်ပင်ခဲ့ပါသည်။ ပုဂံခေတ် ရှေးဟောင်းအဆောက်အအုံများ၏ ဗိသုကာလက်ရာ၊ ပန်းတမော့၊ ပန်းတော့လက်ရာနှင့် နံရံဆေးရေးပန်းချီလက်ရာများမှာ အနုပညာမြောက်လှပြီး ဖော်ပြပါ အနုပညာလက်ရာများအနက် နံရံဆေးရေးပန်းချီသည် အဆင့်မြင့်အနုလက်ရာဖြစ်ပြီး အရှေ့တောင်အာရှ၌ ပုဂံဒေသသည် အပေါ်များ အကြွယ်ဝဆုံးအဖြစ် စံထားခံရ

ပါသည်။ မည်မျှပင်ပေါများကြွယ်ဝသော်လည်း သဘာဝတရားကို မလွန်ဆန်နိုင်သည့် သဘောအရ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရဖူးပါ၍ မှတ်တမ်းမှတ်ရာ ကျန်ရှိရန်မှာ လွန်စွာအရေးကြီးသော လုပ်ဆောင်ချက်တစ်ခု ဖြစ်ပါသည်။ ဤစာအုပ်တွင် ပိဋကတ်တော် ဗုဒ္ဓစာပေအား အခြေပြုပြီး ပုဂံသူပုဂံသားတို့ ရေးဆွဲခဲ့သော ပန်းချီကို ရှုထောင့်အသွင်တစ်မျိုးဖြင့် လေ့လာတင်ပြထားပါသည်။ ပန်းချီရေးဆွဲခဲ့သော အကြောင်းအရာများနှင့်အတူ ကမ္ပည်းမင်စာအရေးအသား၊ နံရံဆေးရေး ပန်းချီထိန်းသိမ်းမှုလုပ်ငန်း၊ နံရံဆေးရေးပန်းချီရှိသော ပုဂံဒေသ၏ ဘုရားများစာရင်း စသည်တို့ ပါဝင်သည့်အတွက် မှတ်တမ်းကောင်းများ ကျန်ရစ်စေမည် ဖြစ်ပါသည်။ ယခုအခါ နိုင်ငံတော်က ချမှတ်ထားသည့် ဦးတည်ချက်များအနက် အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ဆိုသည့် ဦးတည်ချက်နှင့်အညီ ကျွန်ုပ်တို့၏ ဘိုးဘွားအမွေအနှစ်များကို ထိန်းသိမ်းဖော်ထုတ်စောင့်ရှောက်ခြင်းဟူသော ရည်ရွယ်ချက်ဖြင့် ပုံနှိပ်ထုတ်ဝေရခြင်း ဖြစ်ပါသည်။

ကျော်ဦးလွင်
ညွှန်ကြားရေးမှူးချုပ်

စာရေးသူ၏အမှာစာ

ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသသည် ၁၉ စတုရန်းမိုင်အကျယ်အဝန်းရှိပြီး မျက်မှောက်ကာလတွင် ရှေးဟောင်းအဆောက်အအုံပေါင်း ၃၀၀၀ ကျော် စုဝေးတည်ရှိရာ နေရာဒေသဖြစ်သည်။

ဤကဲ့သို့ ရှေးဟောင်းအဆောက်အအုံပေါင်း တစ်စုတစ်ဝေးတည်း တည်ရှိရာနေရာမျိုးသည် အရှေ့တောင်အာရှနှင့် အာရှတွင်သာမက ဘဲကမ္ဘာမှာပင်တစ်ခုတည်းသော နေရာဖြစ်ကြောင်း၊ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဆင့်မျိုးဖြစ်ကြောင်း အများက ပင်လက်ခံ သိရှိကြပါသည်။ ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံများတွင် ဗိသုကာ၊ ပန်းတော့၊ ပန်းတမော့၊ နံရံဆေးရေး ပန်းချီ စသည်ဖြင့် စုပေါင်း၍ အပြောက်အမွမ်းဆင်လေ့ရှိပြီး နံရံဆေး ရေးပန်းချီမှာ ထင်ရှားသည့် အနုပညာလက်ရာအမျိုးအစားဖြစ်ပါသည်။ စာရေးသူသည် ပုဂံခေတ် နံရံဆေးရေးပန်းချီကို ရေးသားပြုစုရန် တစ်စိုက်မတ်မတ် ကြိုးစား ခဲ့ပါသည်။ နံရံဆေးရေးပန်းချီများနှင့် ငယ်စဉ်ကပင် ရင်းနှီးကျွမ်းဝင်နေသော်လည်း ရေးဆွဲသော အကြောင်းအရာများကို ခြေခြေမြစ်မြစ် သိရှိနားလည်ခြင်း မရှိပါ။ ပုဂံခေတ်နံရံပန်းချီသည် ကျယ်ပြန့်လွန်းလှသည့်အတွက် လေ့လာ၍ မကုန်နိုင်အောင် များပြားလှပါသည်။ မိမိ သုတေသနပြုလေ့လာချက်များသည် ပြည့်စုံသည်ဟူ၍ မရှိပါ။ သို့ပါ၍ နံရံဆေးရေးပန်းချီများနှင့် ပတ်သက်၍ ရောရောထွေးထွေးသာသိရှိမှတ်သားရပြီး ရှင်းလင်းသောအသိအမြင်ရရှိရန် ကြိုးစားခဲ့ရပါသည်။ ဤဦးစီးဌာနသို့ နိုင်ငံ့ဝန်ထမ်းအဖြစ် ရောက်ရှိလာပြီးနောက် ဗုဒ္ဓအနုပညာလက်ရာများကို ပိုင်းခြားလေ့လာရာမှ ပုဂံခေတ်နံရံပန်းချီကိုအထူးပြု၍ လေ့လာခဲ့ပါသည်။ နံရံပန်းချီများကို လေ့လာပါက ဗုဒ္ဓစာပေပိဋကတ်တော်နှင့် အကျွမ်းတဝင်ရှိလျှင် ပိုမိုရှင်းလင်းသိမြင်မည်ဖြစ်၍ "အခြေခံပါဠိစာပေသမိုင်း၊ ဗုဒ္ဓဝင်ပါဠိစာပေ၊ ငါးရာငါးဆယ်သိမှတ်ဖွယ်" စသည့် စာအုပ်တို့ကို လေ့လာခဲ့ရပါသည်။ ဤစာအုပ်များသည် ပုဂံခေတ် နံရံပန်းချီများနှင့် ပတ်သက်၍ ကြီးစွာသော ဗဟုသုတကို ရရှိစေပါသည်။ ပုဂံခေတ်နံရံပန်းချီများ အကြောင်းကို စာအုပ်စာတမ်း၊ ဆောင်းပါးများ အများအပြားထွက်ရှိပြီး ဖြစ်ပါသည်။ အင်္ဂလိပ်၊ ဂျပန်နှစ်ဘာသာဖြင့် **Toru Ono** ရေးသားသော **Pagan Mural Paintings of Buddhist Temples in Burma**, **Dr. Clause Wienk** ရေးသားသော **Mural in Burma Paintings from Pagan Vol-1** ၊ မြန်မာ- အင်္ဂလိပ်

နှစ်ဘာသာဖြင့် ဒေါ်စန္ဒာခင် ပြုစုသော 'နံရံပန်းချီမှပြောသော ပုဂံခေတ်ပုံရိပ်များ'၊ ဗိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်(ရန်ကုန်)က 'ထုတ်ဝေသော ဗုဒ္ဓဝင်ပါဠိမင်စာ' စသည်တို့ဖြစ်ပါသည်။ ယင်းအပြင် ပုဂံခေတ် နံရံပန်းချီအမည်ဖြင့် မဟုတ်ဘဲ နံရံပန်းချီအကြောင်း အဓိက ရေးသားထားသည့် စာအုပ်များလည်း ထွက်ရှိပါသည်။ (ဥပမာ) ကျောက်စာဝန်ဟောင်း ဦးမြပြုစုသော "အပါယ်ရတနာ"၊ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးကျော်ငြိမ်း ပြုစုသော "မြင်းကပါဂူပြောက်ကြီး"၊ ဗိုလ်မှူးဘရှင် ပြုစုရေးသားသော **The Loka Hteik Pann** ၊ ယင်းအပြင် **Dr. G.H Luce** ၏ **Old Burma Early Pagan** ၊ ရှေးဟောင်းသုတေသနညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအောင်သော်၏ **Historical Sites in Burma** ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) ဦးဘတင့်၏ နံရံဆေးရေးပန်းချီထိန်းသိမ်းမှုပညာ၊ ဗြဟ္မစာရီမွန်ပိုကေ၏ ပုဂံသုတေသနလမ်းညွှန် စာအုပ်များ ဖြစ်ပါသည်။

ပုဂံခေတ်နှင့်နှောင်းခေတ် နံရံပန်းချီအကြောင်းများ ရေးသားထားသည့် စာအုပ်များ အနေဖြင့်မူ ယဉ်ကျေးမှုဝန်ကြီးဌာနမှပြုစုသော ရေးမိုးမြန်မာပန်းချီ၊ ရာမညကိုကိုနိုင်၏ မြန်မာ့ပန်းချီသမိုင်း၊ ဆရာလှတင်ထွန်း၏ မြန်မာ့ပန်းချီရေစီးကြောင်း၊ စာရေးသူ၏ ပုဂံဒေသရှိ နှောင်းခေတ်ဗိသုကာနှင့်အနုလက်ရာစာအုပ်များ ဖြစ်ပါသည်။ ဆောင်းပါးများ အနေဖြင့်မူ ဆရာတော်ရွှေကိုင်းသားက လူထုဂျာနယ်တွင် လည်းကောင်း၊ ဆရာဇော်ဂျီ၊ မင်းဘူးအောင်ကြိုင်၊ မောင်ကြည်ပန်း၊ ဦးဝင်းမောင်(တမ္ပဝတီ)အစရှိသည့် ပညာရှင်များက လည်း ပုဂံခေတ်နံရံဆေးရေးပန်းချီကို မဂ္ဂဇင်းများတွင် လည်းကောင်း ဖော်ပြခဲ့ကြပါသည်။

ဤစာအုပ်၊ စာတမ်း၊ ဆောင်းပါးများသည် ပုဂံခေတ်နံရံဆေးရေးပန်းချီကို အမြင်အမျိုးမျိုးဖြင့် ရေးသားခဲ့ကြခြင်း ဖြစ်ပါသည်။ ပညာရှင်အသီးသီး၏အမြင်ကို စုပေါင်းလိုက်သည်ရှိသော် ပုဂံခေတ်ပန်းချီသည် ပိဋကတ်စာပေကို အခြေခံ၍ ရေးဆွဲထားသော အကြောင်းအရာများအဖြစ် နားလည်သဘောပေါက်လာရပါသည်။ ပိဋကတ်သုံးပုံအနက် သုတ္တန်တရားဒေသနာများမှ နိကာယ်ငါးရပ်အနက် ခုဒ္ဒကနိကာယ်သည် ပုဂံခေတ်နံရံပန်းချီများ ပေါ်ထွန်းပေါက်ဖွားရာ ပင်စည်ပင် ဖြစ်ပေသည်။

သို့ပါ၍ ပုဂံခေတ်ပန်းချီသည် ဗုဒ္ဓစာပေများနှင့်အလှမ်းဝေးနေသေးသော အခြေခံလူတန်းစားများအတွက် ဗုဒ္ဓဖြစ်တော်စဉ်နှင့် ဟောကြားခဲ့သောတရားတော်များကို သိရှိနားလည်စေ ရန် ရေးဆွဲထားပါသည်။ ယင်းအပြင် ဗုဒ္ဓစာပေနှင့် ရင်းနှီးကျွမ်းဝင်သည့် ပုဂ္ဂိုလ်များကိုလည်း သရုပ်ဖော်ပြသနေပါ၍ ပုဂံခေတ်ပန်းချီသည် လူထုအပေါ် ကျေးဇူးများသည့် အနုပညာတစ်ရပ် ပင်ဖြစ်ပါသည်။

ပုဂံခေတ်ပန်းချီမှာ ခေတ်အဆက်ဆက် မြန်မာ့ရှေးရိုးပန်းချီအတွက် ဦးဆောင်အခန်းမှ ပါဝင်သကဲ့သို့ ယုံကြည်ကိုးကွယ်မှု နယ်ပယ်အသီးသီး၏ စုဝေးရာ၊ ပွင့်ဖူးရာ အနုပညာရပ်အဖြစ်လည်း စံထားရပေမည်။ သို့ပါ၍ ထေရဝါဒဗုဒ္ဓဘာသာ၊ မဟာယာနဗုဒ္ဓဘာသာ၊

ဟိန္ဒူဗြဟ္မဏဘာသာတို့၏ အကြောင်းအရာများကို ပုဂံခေတ်ပန်းချီမှ လေ့လာနိုင်သကဲ့သို့ ခေတ်၏ ကြေးမုံပြင်သဖွယ် ဖြစ်ပါ၍ ပုဂံခေတ်၏ နှစ် ၃၀၀ ကျော် ကာလကို တစ်လွှာချင်း ဖော်ပြနေပါသည်။ ပုဂံခေတ်၏ နံရံပန်းချီသည် စံပြုထိုက်သည့် အနုပညာရပ်ဖြစ်သည်နှင့်အညီ မျိုးဆက်သစ်များအတွက် ကာကွယ်ထိန်းသိမ်းလိုသော စိတ်ကောင်းစိတ်မြတ်များ ကိန်းအောင်းလာစေရန်နှင့်အမျိုးကိုချစ်မြတ်နိုးလာစေရန်လည်း ရည်ရွယ်ချက်များထားရှိပြီး ရေးသားခြင်းဖြစ်ပါသည်။ ရှေးဟောင်းအဆောက်အအုံတစ်ခုပြိုကျပျက်စီးပါက ထိန်းသိမ်းပြုပြင်၍ ရနိုင်ကောင်းသော်လည်း နံရံပန်းချီကွာကျပါက မူရင်းကဲ့သို့ ပြန်လည်ရရှိရန် မဖြစ်နိုင်တော့ပါ။ သို့ပါ၍ စာအုပ်၊ စာတမ်း၊ ဆောင်းပါးများ ရေးသားခြင်းဖြင့်လည်း ကာကွယ်ထိန်းသိမ်းရာရောက်ပါသည်။ ဥပမာ- လောကထိပ်ပန်ဂူဘုရားရှိ ဗုဒ္ဓဝင်ရှစ်ခန်းမှ ပရိနိဗ္ဗာန်စံဟန်အခန်းသည် ၁၉၇၅ ခုနှစ် ငလျင်လှုပ်စဉ် ကွာကျပျက်စီးသွားပြီဖြစ်သည့်အတွက် အစားမရနိုင်သော်လည်း ဗိုလ်မှူးဘရှင် ရေးသားပြုစုသည့် စာအုပ်မှ လေ့လာကြည့်ရှုနိုင်ပါသည်။ သို့ပါ၍ နံရံပန်းချီများနှင့် ပတ်သက်သည့် စာအုပ်၊ စာတမ်း၊ ဆောင်းပါးများမှာ ပိုသည်ဟူ၍မရှိဘဲ လိုအပ်လျက်သာပင်ရှိပါသည်။ ဤကဲ့သို့ရေးသား တင်ပြနိုင်ခြင်းမှာ ဖော်ပြခဲ့သော ဆရာကြီးများ၏ စာအုပ်၊ စာတမ်း၊ ဆောင်းပါးပေါင်းများစွာကို ဖတ်မှတ်လေ့လာရပါသဖြင့် ဆရာကြီးများအား ကျေးဇူးတင်ရှိပါသည်။

ဤစာအုပ်ဖြစ်မြောက်ရန်အတွက် တိုက်တွန်းအားပေးမှုပြုပါသော ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်အား လည်းကောင်း၊ စာမူများကို စိစစ်တည်းဖြတ်ပေးပါသော ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးအောင်ကြိုင်အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးမျိုးညွန့် (ရှေးဟောင်းသုတေသန)

နိဒါန်း

ဗုဒ္ဓဒေသနာတော်များသည် အလွန်ကျေးဇူးများ၏ မြတ်စွာဘုရားကို ကြည်ညိုသဒ္ဓါပွားအောင် ဆောင်ရွက်နိုင်၏ ဟူသောအချက်အား ဗုဒ္ဓအနုပညာလက်ရာများက သက်သေပြနေပါသည်။ ဗုဒ္ဓဝင်နှင့် ပိဋကတ်ကို တတ်သိနားလည်ကြသော ပုဂံသားတို့သည် မိမိတို့ ကောင်းမှုတော်များ၌ ဘုရားရှင်၏ ဖြစ်တော်စဉ်များ၊ ဟောကြားသောတရားများကို သရုပ်ဖော်ပူဇော် ခဲ့ကြသည်မှာမရေမတွက်နိုင်အောင် ရှိပါသည်။ ဗုဒ္ဓသာသနာတော် ထွန်းကားရာဒေသများဖြစ်သော မြန်မာ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအိုစသည့် နိုင်ငံတို့၌ အနုပညာမျိုးစုံဖြင့် သရုပ်ဖော်ခဲ့ကြပါသည်။ ပုဂံတွင် ဗုဒ္ဓနှင့်သက်ဆိုင်သည်များကို နံရံဆေးရေး ပန်းချီအပြင် အုတ်ခွက်ရုပ်ပွား ဆင်းတုတော်များ၊ ကျောက်ဆစ်ရုပ်ကြွများ၊ စဉ့်ကွင်းစဉ့်ချပ်များဖြင့်လည်း သရုပ်ဖော် ပူဇော်ခဲ့ကြသည်။ ဤကဲ့သို့ ဗုဒ္ဓအနုပညာလက်ရာများဖြင့် သရုပ်ဖော် ပူဇော်ခဲ့ကြသည်များအနက် နံရံပန်းချီဖြင့် သရုပ်ဖော်ရေးဆွဲပူဇော်ခဲ့သည်မှာ အရေအတွက် အများဆုံး၊ လက်ရာအမြောက်ဆုံးအဖြစ် မှတ်ယူနိုင်ပါသည်။

ပန်းချီဝေါဟာရနှင့်ပတ်သက်၍ အစောဆုံးတွေ့ရသောခေတ်မှာ ပုဂံခေတ်ဖြစ်သည်။ ပန်းချီဟူသော အသုံးအနှုန်းကို ပုဂံခေတ်မှအစပြုလျက် ထင်ရှားခေါ်ဝေါ်သုံးစွဲနေပြီဖြစ်ကြောင်း အထောက်အထားများတွေ့ရသည်။ ပန်းချီဟူသည် လှပကြွရွခြင်းဖြစ်သည်။ ပန်း၏အနက်မှာ ဆွမ်းပန်း၊ လမ်းပန်း၊ အောင်ပန်းကဲ့သို့ လှပခြင်းပင်ဖြစ်၍ ပန်းချီဟူသောစကားသည် ချီပွ၊ ချီတတ်ဟူသော စကားကဲ့သို့ဖြစ်ပေသည်။ ပန်းချီ၌ ပန်းဟူသောဝေါဟာရသည် "ပညာ" ဟူသော ပါဠိမှရွေ့လျားလာခြင်းဖြစ်သည်။ ပန်ညာဟု မြန်မာနိုင်ငံမှတစ်ပါး အခြားသော ထေရဝါဒ နိုင်ငံများတွင် ရွတ်ဖတ်ကြသည်။ ရွှေစည်းခုံခေါင်းလောင်းစာ၌ ပန်ညာဟုရေးထိုးထားကြောင်း တွေ့ရပါသည်။ ပုဂံခေတ်နံရံပန်းချီကို အပိုင်းလိုက်ခွဲခြားတင်ပြထားရာ အခြေခံပါဠိစာပေသမိုင်းမှ ပိဋကတ်သုံးပုံအကြောင်းနှင့် သုတ္တန်ဒေသနာမှ မြတ်စွာဘုရားဟောကြားခဲ့သည့် တရားတော်များကို သရုပ်ဖော်ရေးထားသည့် အခန်းများကို ပုဂံဂူဘုရားများတွင် လေ့လာနိုင်ပုံကို ဖော်ပြထားပါသည်။

မြတ်စွာဘုရား၏ ဒေသနာတော်များမှ အများဆုံးရေးဆွဲသော ပန်းချီကားများအဖြစ် ဗုဒ္ဓဝင်အကြောင်းခြင်းရာများနှင့် ဇာတ်တော်များ၏ အကြောင်းကို အကျယ်ရှင်းလင်းရေးသားထားပါသည်။ ယင်းအပြင် ပုဂံခေတ်ပန်းချီများအနက်မှ ရှားပါးပန်းချီအခန်းများ၊ စကြဝဠာနှင့်

မြင်းမိုရ်တောင်ကိုသရုပ်ဖော်ပုံ၊ အာသောကမင်းကြီး၏ သမီး သင်္ဃမိတ္တာက သီဟိုဠ်သို့ ညောင်ဗောဓိပင် ပင့်ဆောင်ပုံ၊ နန္ဒပညာဘုရား၏ နံရံပန်းချီများသည် ထေရဝါဒသာသနာ စစ်စစ်ဖြစ်ကြောင်းရှင်းလင်းချက်နှင့် အဝတ်ပန်းချီဆိုင်ရာအကြောင်းအရာ စသည်ဖြင့် တင်ပြထားပါသည်။ ပုဂံခေတ်ပန်းချီသည် ဗုဒ္ဓဘာသာဆိုင်ရာ အခန်းကဏ္ဍများက လွှမ်းမိုး၍ လူမှုရေး စီးပွားရေး မင်းခမ်းမင်းနားဆိုင်ရာများနှင့် အနုသုခုမဆိုင်ရာ ပန်းချီများက ဖြည့်စွက်ရေးသားထားချက်များသာ ဖြစ်ပါသည်။ အထူးသဖြင့် အေဒီ ၁၃ ရာစု ပုဂံခေတ်ကာလသည် အနော်ရထာ၊ ကျန်စစ်သားမင်းတို့ ပြုစုထောင်ခဲ့သည့် ဗုဒ္ဓသာသနာ လွန်စွာထွန်းကားနေသည့် ကာလဖြစ်သဖြင့် အရည်းကြီးရဟန်းများ၏ တန္တရဗုဒ္ဓဘာသာဆိုင်ရာ နံရံဆေးရေး ပန်းချီ အထောက်အထားများကိုလည်း မတွေ့ရှိရကြောင်း ရှင်းလင်းတင်ပြထားပါသည်။ အနော်ရထာမတိုင်မီက တန္တရဗုဒ္ဓဘာသာဆိုင်ရာ အယူဝါဒရှိနိုင်မည် ဖြစ်သော်လည်း အေဒီ ၁၃ ရာစုသည် ထေရဝါဒဗုဒ္ဓဘာသာလွန်စွာ အားကောင်းနေပြီဖြစ်သည့် အတွက် မင်းနှင့်ပြည်သူတို့ လက်ခံယုံကြည်မှုကင်းမဲ့သော ဖောက်လွဲဖောက်ပြန် အယူဝါဒကို တခမ်းတနား ဖော်ပြမည် မဟုတ်ကြောင်းကိုလည်း တင်ပြထားပါသည်။ ပုဂံရှိ နံရံပန်းချီများကို အချိန်များစွာယူ၍ ကွင်းဆင်းလေ့လာပြီး ရေးသားထားသော်လည်း ချို့ယွင်းချက်၊ အားနည်းချက်များရှိနိုင်ပါသည်။ ယင်းချို့ယွင်းချက်၊ အားနည်းချက်များကို ဝေဖန်အကြံပြုချက်များဖြင့် ကမ်းလှမ်းလာပါက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။



မြတ်စွာဘုရား တာဝတိံသာမှ ဆင်းတော်မူခန်း

မြင်းကပါဂူပြောက်ကြီး၊